ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသ နှင့် မကာအို အထူးအုပ်ချုပ်ရေးဒေသ တို့မှ သာမန် နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများကို ကမ္ဘာလှည့်ဗီဇာကင်းလွတ်ခွင့်၊ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ သာမန် နိုင်ငံကူးလက်မှတ် ကိုင်ဆောင် သူများကို ဆိုက်ရောက်ဗီဇာ (ကမ္ဘာလှည့်) ခွင့်ပြုထားမှုကို စမ်းသပ်ကာလ (၁) နှစ် ထပ်မံ သက်တမ်း တိုးမြှင့်မည် ဖြစ်ကြောင်း အသိပေးကြေညာခြင်း

ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသ နှင့် မကာအိုအထူးအုပ်ချုပ်ရေးဒေသတို့မှ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများကို ကမ္ဘာလှည့်ဗီဇာ ကင်းလွတ်ခွင့်ဖြင့် (၁-၁၀-၂၀၁၈) ရက်နေ့မှ (၃၀-၉-၂၀၁၉) ရက်နေ့အထိ စမ်းသပ်ကာလ (၁)နှစ် သတ်မှတ်ပြီး ပြည်ဝင်ခွင့်ပြုခဲ့ပါသည်။ ထို့အပြင် တရုတ်နိုင်ငံမှ သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် ဆိုက်ရောက်ဗီဇာ (ကမ္ဘာလှည့်) ကို (၁-၁၀-၂၀၁၈) ရက်နေ့မှ (၃၀-၉-၂၀၁၉) ရက်နေ့အထိ လည်းကောင်း၊ အိန္ဒိယနိုင်ငံမှ သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် ဆိုက်ရောက်ဗီဇာ (ကမ္ဘာလှည့်)ကို (၁-၁၂-၂၀၁၈) ရက်နေ့မှ (၃၀-၁၁-၂၀၁၉) ရက်နေ့အထိ လည်းကောင်း စမ်းသပ်ကာလ (၁)နှစ် သတ်မှတ်ပြီး ခွင့်ပြုပေးခဲ့ပါသည်။

ယခုအခါ အဆိုပါနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု တိုးတက်ရေး ရည်ရွယ်၍လည်းကောင်း မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်၍လည်းကောင်း ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ နှင့် မကာအို အထူးအုပ်ချုပ်ရေးဒေသတို့မှ သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် ကမ္ဘာလှည့် ဗီဇာ ကင်းလွတ်ခွင့် ခွင့်ပြုထားမှုကို (၁-၁၀-၂၀၁၉) ရက်နေ့မှ (၃၀-၉-၂၀၂၀) ရက်နေ့အထိ လည်းကောင်း၊ တရုတ်နိုင်ငံမှ သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် ဆိုက်ရောက် ဗီဇာ (ကမ္ဘာလှည့်) ခွင့်ပြုထားမှုကို (၁-၁၀-၂၀၁၉) ရက်နေ့မှ (၃၀-၉-၂၀၂၀) ရက်နေ့အထိ လည်းကောင်း၊ အိန္ဒိယနိုင်ငံမှ သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် ဆိုက်ရောက် ဗီဇာ (ကမ္ဘာလှည့်) ခွင့်ပြုထားမှုကို (၁-၁၂-၂၀၁၉) ရက်နေ့မှ (၃၀-၁၁-၂၀၂၀) ရက်နေ့အထိ လည်းကောင်း၊ နောက်ထပ် (၁) နှစ် ထပ်မံ သက်တမ်း တိုးမြှင့်သွားမည် ဖြစ်ပါသည်။

**Myanmar to extend one year for preliminary visa exemption, visa on arrival schemes**

Myanmar will extend preliminary schemes of visa exemption and visa on arrival another one year for the visitors from Japan, South Korea, China and India for strengthening of bilateral relations and to promote the tourism sector of Myanmar.

Visa exemption was preliminarily allowed for the visitors from Japan, South Korea, Hong Kong and Macao Special Administrative Region of China from 1st October 2018 to 30th September 2019 and Chinese citizens who enter Myanmar through airports enjoyed visa on arrival for the period. The scheme will be extended from 1st October 2019 to 30th September 2020.

Meanwhile, Indian citizens who took flights to Myanmar were permitted for visa on arrival (tourists) for one year from 1st December 2018. The period will also be extended from 1st December 2019 to 30th November 2020.